# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၆)နှစ်ပြည့် အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်

၁။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် နိုင်ငံတကာ သံတမန်များအပါအဝင် ပြည်သူလူထုရှေ့မှောက်၌ ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပြည်တွင်းအသိသက်သေများအား သက်သေအဖြစ်ထားရှိ၍ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်သွားရန်အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အကြီးအကဲခေါင်းဆောင်တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို တရားဝင် လက်မှတ်ရေးထိုးခဲ့သည်မှာ ယနေ့ဆိုလျှင် (၆)နှစ် တင်းတင်းပြည့်ပြီဖြစ်ပါသည်။

၂။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) သည် NCAအနှစ်သာရဖြစ်သည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ သက်ဆိုင်သူများအားလုံး ပါဝင်ပြီး အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေး၊ ပြည်သူလူထု အသက် အိုးအိမ် စည်းစိမ်လုံခြုံမှု အကာအကွယ်ပေးရေးတို့ကို အခြေခံ၍ ဆက်လက် ရပ်တည်သည်။

၃။ ပြီးခဲ့သည့် (၆)နှစ်တာကာလအတွင်း NCA စာချုပ်အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများမှ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ၏ နိုင်ငံရေးလမ်းပြမြေပုံ (၇) ဆင့်နှင့်အညီ ဆောင်ရွက်လာခဲ့ရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ (၄) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ခုကို ချုပ်ဆိုနိုင်ခဲ့သော်လည်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမူများကို မျှော်မှန်းသလောက် ရလဒ်များ မရရှိခဲ့ပေ။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာလုပ်ငန်းများနှင့် ကြားကာလအစီအစဉ်တို့ကို အကောင်အထည်ဖော်ရာတွင် ထိုက်သင့်သလောက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ အားလုံးပါဝင်ရေးမူကို အခြေခံသော NCA စာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး မစွမ်းဆောင်နိုင်ခြင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အားနည်းချက်တရပ် ဖြစ်ခဲ့သည်။

၄။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အခြေခံပြီး နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပြည်သူများပါဝင်မှုကို နည်းလမ်းပေါင်းစုံဖြင့် မြှင့်တင်နိုင်ခဲ့သလို ဖက်ဒရယ်အရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုအတွင်း နားလည်ယုံကြည်လက်ခံလာနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်းပြည်တွင်း နှစ်ပေါင်းများစွာ တည်ရှိနေခဲ့သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြင့် တွေ့ဆုံဆွေးနွေးဖြေရှင်းနိုင်ရန် ကြိုးပမ်းရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများစွာကိုလည်း တွေ့ကြုံရင်ဆိုင်ခဲ့ရပါသည်။ ထိုကဲ့သို့ ရရှိခဲ့သောအတွေ့အကြုံများသည် တိုင်းပြည်၏နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အထောက်အကူပြုလိမ့်မည်ဟု မိမိတို့မှ ယုံကြည်ပါသည်။

၅။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် တပ်မတော်က ရုတ်တရက် အာဏာသိမ်းလိုက်ခြင်းကြောင့် NCA စာချုပ်အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လုံးဝ ရပ်တန့်သွားခဲ့ရပြီ ဖြစ်သည်။ အာဏာသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးအကျပ်အတည်းအပါအဝင် အထွေထွေအကျပ်အတည်းများနှင့် ပဋိပက္ခများကို

ဖြေရှင်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)အနေဖြင့် အောက်ပါ နိုင်ငံရေးရည်မှန်းချက်(၇)ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။

(က) စစ်အာဏာသိမ်းယူပြီးနောက်ပိုင်း ဖမ်းဆီးထိန်းသိမ်းထားသော နိုင်ငံရေးခေါင်းဆောင်များအပါအဝင် ပုဂ္ဂိုလ်များအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးပြီး နိုင်ငံရေး မတူညီမှုများအား အမြန်ဆုံး ဆွေးနွေးအဖြေရှာသွားရန်၊

(ခ) အနာဂတ်နိုင်ငံရေး ဆွေးနွေးပွဲများတွင် သက်ဆိုင်သူများအားလုံးပါဝင်ပြီး နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများနှင့် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာသွားရန်၊

(ဂ) တိုင်းပြည်၏အာဏာကို အရပ်သားကိုယ်စားလှယ်များအုပ်ချုပ်မှုနှင့် ဒီမိုကရေစီမူဘောင်အတွင်း ဆောလျင်စွာ ပြန်လွှဲပြောင်းရေးကို ဝိုင်းဝန်းအဖြေရှာကြရန်၊

(ဃ) နိုင်ငံတကာအသိုင်းအဝိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် တိုင်းပြည်၏ အခြေခံအဆောက်အအုံ (Institutions) များကို ပြုပြင်ပြောင်းလဲမှုများ (Reforms) ပြုလုပ်သွားရန်၊

(င) တိုင်းပြည် ရေရှည်တည်တံ့ရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေးတို့ကို ရှေ့ရှုပြီး လူထုကို ကာကွယ်မှုပေးသော လုံခြုံရေးစနစ်တည်ဆောက်သွားရန်၊

(စ) ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးခြင်းနှင့်ပြည်သူလူထုများ၏ ဆုံးရှုံးနစ်နာမှုများအတွက် ဘဝပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ကုစားရေး အစီအစဉ်များ ဆောင်ရွက်သွားရန်၊

(ဆ) ရေရှည်တည်ငြိမ် ငြိမ်းချမ်း သာယာဝပြောဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်သွားရန်၊

အထက်ပါနိုင်ငံရေးရည်မှန်းချက် (၇) ရပ်အား လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

၆။ အာဆီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ မြန်မာ့နိုင်ငံရေးအကျပ်အတည်းကို ကျော်လွှားနိုင်ရန်အတွက် လက်ရှိ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုသည်။ မိမိတို့အနေဖြင့်လည်း သက်ဆိုင်သည့် နိုင်ငံရေးအင်အားစုအားလုံးနှင့် အတူတကွ ဆွေးနွေးအဖြေရှာနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ ပြည်တွင်းနိုင်ငံရေးပဋိပက္ခကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်များအပါအဝင် ပြည်သူလူထုအတွက် လူသားချင်းစာနာမှုအထောက်အပံ့များ ကူညီနိုင်ရေးနှင့် မိမိတို့ဒေသအတွင်းရှိ ပြည်သူလူထုများအတွက် ကိုဗစ် ၁၉ ကာကွယ်တိုက်ဖျက်ကုသရေးလုပ်ငန်းများကိုလည်း PPST အနေဖြင့် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားမည်။

၈။ NCA စာချုပ် လက်မှတ်ရေးထိုးခြင်း (၆)နှစ်ပြည့် နှစ်ပတ်လည်အခါသမယတွင် ဖမ်းဆီးထိန်းသိမ်းခံရသူများအားလုံးနှင့် ပြည်သူလူထုများအား ခြွင်းချက်မရှိ လွှတ်ပေးပြီး လက်ရှိနိုင်ငံရေးအကျပ်အတည်းကို ငြိမ်းချမ်းသောနည်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းကြပါရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးကို တိုက်တွန်းလိုက်ပါသည်။

**ဆက်သွယ်ရန်။**

၁။ ရဲဘော်မျိုးဝင်း (+၉၅) ၀၉၄၂၀၃၃၀၄၅၃

၂။ ခွန်မြင့်ထွန်း (+၆၆) ၀၈၂၄၉၂၇၃၆၁